# “မေမေ၏စာရင်း”

# Mom’s Prayer List

တစ်နေ့တွင် မေမေ၏ ဖွတ်ဖွတ်ညက်ညက်ကျေနေသော သမ္မာကျမ်းစာအုပ်ကို ကျွန်မဆွဲယူလိုက်ရာ နောက်ဆုံးစာမျက်မှာက လန့်သွားပါသည်။ ထိုစာမျက်နှာတွင် အမည်စာရင်းတစ်ခုကို တွေ့ရသည်။ နာမည်အများစုကို ကျွန်မသိသော်လည်း နာမည်အချို့ကိုမူ မသိပါ။ ထိုအခိုက်တွင်ပင် မေမေဝင်လာသဖြင့် “ဒါတွေက ဘာတွေလဲ မေမေ” ဟု မေးလိုက်မိသည်။

“ဒါတွေက မေမေဆုတောင်း ပေးနေသူတွေရဲ့ စာရင်းလေ။ မေမေက တခြားလူတွေ ဂျီးဆက်ကိုရင်ဖွင့်ပြီး သူတို့ရဲ့ ကယ်တင်ရှင်အဖြစ် လက်ခံလာအောင် သူတို့အတွက် ဆုတောင်းပေးနေတာ။ အဲ သူတို့လက်ခံသွားပြီဆိုရင် သူတို့နာမည်ဘေးမှာ ခရေပွင့်အမှတ်အသားလေး ပြထားလိုက်တယ်။”

အမည်စာရင်းကို ကျွန်မဆက်၍ ကြည့်နေမိသည်။ ထိုနောက် အမည်စာရင်း၏ ထိပ်ဆုံးကို မျက်စေ့ရောက်သွားရာ ဦးလေးဂျော့ချ်၏ အမည်ဖြစ်နေသည်။ သူ့နာမည်ဘေးတွင် ခရေပွင့်အမှတ်အသား မတွေ့ရပါ။

မေမေက “သမီးမြင်တဲ့အတိုင်းပဲ။ တချို့လူတွေအတွက် မေမေဆုတောင်းပေးနေတုန်း။ ခရေပွင့်တွေအများကြီး တွေ့တယ်မို့လား တစ်ခါတစ်လေတော့ အချိန်ယူရတယ်သမီး။ ဒါပေမဲ့ တစ်နေ့မှာတော့ ဒီစာရင်းမှာပါတဲ့ လူတွေတိုင်းရဲ့ဘေးမှာ ခရေပွင့်ကလေးတွေ ရှိလာလိမ့်မယ်လို့ မေမေယုံကြည်တယ်” ဟုဆက်၍ ပြောပြပါသည်။

နှစ်ပေါင်းအတန်ကြာသော် မေမေဆုံးပါးသွားခဲ့ပါသည်။ ကျွန်မက မေမေ့မစ္စည်းများကို ရွေးချယ်ပြီး ကျွန်မတို့ သားသမီးတစ်ဦးစီအတွက် မေမေလျာထားခဲ့သော ပစ္စည်းများကို သေတ္တာတစ်လုံးစီတွင် ထည့်နေမိပါသည်။ ကျန်သောပစ္စည်းများကို ဘယ်လိုလုပ်ရပါ့မလဲဟု တွေးနေစဉ်မှာပင် သူမ၏ သစ္စာကျမ်းစာအုပ်ကို သတိရမိသည်။ နောက်ကျောဘက်ရှိ စာရင်းကို လှန်ကြည့်လိုက်သည်။ အရင်ကထက်စာလျှင် ခရေပွင့်များ ပိုမိုများပြားလာသော်လည်း အန်ကယ်ဂျော့ချ်၏ အမည်ဘေးတွင်မူ ခရေပွင့်မတွေ့ရသေးပါ။

တစ်လနှစ်လကြာသောအခါ အန်ကယ်ဂျော့လည်း ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ သူအသက်ထွက်ကာနီးတွင် ရပ်ရွာထဲရှိ တရားဟောဆရာတစ်ဦးကို သူ့နံဘေးတွင်နေပေးရန် မထင်မှတ်ဘဲ လျှောက်ထားခဲ့သည်။ အန်ကယ်ဂျော့ချ်၏ အသုဘအခန်းအနားအထိ မည်သို့ဖြစ်ပျက်ခဲ့သည်ကို မည်သူမျှ မသိခဲ့ကြရပေ။ အသုဘအခန်းအနားတွင် တရားဟောဆရာက မတ်တတ်ရပ်ပြီး “ကျွန်ုပ်ဟာ ဂျော့ချ်မေတ္တာရပ်ခံလို့ ဒီကိုရောက်လာရတာပါ။ ဂျော့ချ်နဲ့ ကျွန်ုပ်သိပ်ပြီး မရင်းနှီးပါဘူး။ သူအသက်မထွက်ခင်ကလေးတင်မှ ကျွန်ုပ်တို့အတူဆုံဆည်းခဲ့ကြတာပါ။ ပြီးတော့ သူ့အသုဘကို ယနေ့စုရုံးရောက်ရှိလာကြတဲ့သူ ခင်ဗျားတို့အားလုံးကို ပြောပေးဖို့ ကျွန်ုပ်ကိုမှာကြားခဲ့ပါတယ်။”

“ပထမအချက်အနေနဲ့ သူနဲ့ကျွန်ုပ်အတူရှိနေတဲ့ မိနစ်ပိုင်းကလေးမှာ သူကဂျေးဆက်ကို သူရဲ့ကယ်တင်ရှင်အဖြစ် တောင်းဆိုလျှောက်ထားခဲ့ကြောင်း ခင်ဗျားတို့ကို ကျွန်ုပ်အားပြောခိုင်းခဲ့ပါတယ်။”

“ဒုတိယအချက်ကတော့ သူရဲ့မေတ္တာကို ခင်ဗျားတို့အတွက် သူ့မိသားစုနဲ့ ကျန်ရစ်ခဲ့ကြတဲ့ မိတ်ဆွေသူငယ်ချင်းအားလုံးအတွက် ဖြန့်ဝေပို့ဆောင်ပေးကြောင်း ကျွန်တော်ကတစ်ဆင့် မှာကြားခဲ့ပါတယ်။”

“တတိယအချက်ကတော့ ခင်ဗျားတို့အားလုံးဟာ အခုရောက်နေတဲ့ အခိုက်အတန့်လေးမှာပဲ ထာဝရဘုရားသခင်ကို အောက်မေ့ယုံကြည်ကြဖို့ မှာကြားခဲ့ပါတယ်။ သူဟာ ဒီလိုသက်ဝင်ယုံကြည်ဖို့အတွက် သူ့ဘဝချုပ်ငြိမ်းကာနီးအချိန်အထိ စောင့်ဆိုင်းနေခဲ့ရတာကို အကြီးအကျယ်နောင်တရသွားခဲ့ပါတယ်။ ပြီးတော့ ကျွန်ုပ် သူနဲ့အတူ ဖတ်ကြားမျှဝေခဲ့ရတဲ့ သမ္မာကျမ်းစာ လက်ာတွေကို ခင်ဗျားတို့နှင့်အတူ မျှဝေရွတ်ဆိုခြင်းဖြင့် ကယ်တင်ခြင်းဟာ ဘယ်လောက်ရိုးရှင်းတယ်ဆိုတာ ခင်ဗျားတို့ကို သူကနားလည်သဘောပေါက်စေချင်ပါတယ်”

“ဘုရားသခင်သည် လောကကြီးကို အလွန်မေတ္တာထားတော်မူသောကြောင့် သူ၏တစ်ဦးတည်းသော သားကို မွေးဖွားပေးခဲ့၏။ ဘုရားသခင်အား ယုံကြည်သူတိုင်း ပျက်စီးဆုံးရှုံးခြင်းမရှိသော ထာဝရအသက်ကိုရမည်။ ငါသည် တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့။ ထိုသူရှိရာသို့ ငါဝင်၍သူနှင့်အတူ စားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်။” (ရှင်ယောဟန်ဩဝါဒစာ ၃း၁၆။ ဗျာဒိတ်ကျမ်း ၃း၂၀)။ ခင်ဗျားတို့ သေသွားခဲ့လျှင်လည်း နိဗ္ဗာန်ဘုံမှာ ဂျော့ချ်နဲ့မပေါင်းဆုံချင်ကြဘူးလား”

ထိုစကားကို ကြားရသောအခါ မေမေ၏စကားများက ကျွန်မ၏ ဦးနှောက်ထဲသို့ ခုန်ပြန်ဝင်ရောက်လာကြသောကြောင့် ကျွန်မ၏ နှလုံးအိမ်မှာ တဒိတ်ဒိတ်ခုန်နေပါတော့သည်။

“ဒါပေမဲ့ တစ်နေ့မှာတော့ ဒီစာရင်းမှာပါတဲ့ လူတိုင်းရဲ့ဘေးမှာ ခရေပွင့်လေးတွေ ရှိလာလိမ့်မယ်လို့ မေမေယုံကြည်တယ်”

(ဂျိုဆီ ကလာ့ဒ်)

(By. Josie Clark)

# “အကောင်းဆုံးအရာ”

# The Best Thing

လောကတွင်၊ ဘဝတွင် ပြဿနာများ၊ အခက်အခဲများ ခွင့်ပြုထားခြင်းအတွက် ဘုရားသခင်တွင် အကြောင်းခြင်းရာများစွာ ရှိပါသည်။ အဓိက အကြောင်းရင်းတစ်ချက်မှာ ကျွန်ုပ်တို့အား ဆုတောင်းတတ်ရန် သင်ကြားပေးရေးပင်ဖြစ်သည်။ သူက ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ ကြိုးအဆုံးအထိ လျှောက်ခွင့်ပေးထားသည်။ ကျွန်ုပ်တို့၏ ပြဿနာကို ကျွန်ုပ်တို့ကိုယ်တိုင် ဖြေရှင်းနိုင်သည်ဟု ယူဆသလို အားအင်ကုန်ခန်းသည်အထိ

ဖြေရှင်းခွင့် ပေးထားခဲ့သည်။ ထို့ကြောင့် ပြဿနာကို ဖြေရှင်းမည့်သူမှာ သူသာဖြစ်ပြီး သူ၏တန်ခိုးတော်ဖြင့် ဖြေရှင်းပေးရန် ဆုတောင်းခြင်းကို ကျွန်ုပ်တို့ သတိပြုလာမိပေလိမ့်မည်။

အခြားသူများအတွက် သင်အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်သောအရာမှာ သူတို့အတွက် ဆုတောင်းပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့ကူညီရမည့် အခြေအနေတစ်ရပ် ရှိနေပါက ထိုအခြေအနေကို သူ့အားလျှောက်ထားကာ မည်သို့ကျော်ဖြတ်ရမည်ကိုမေးပါ။ သူက ကျွန်ုပ်တို့ဖြေရှင်းကူညီနိုင်အောင် လမ်းပြပေးပါလိမ့်မည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့၏ အားအင်နှင့် ပြီးမြောက်ပြည့်စုံနိုင်မှုမရှိသော ကိစ္စအတွက် ဆုတောင်းပါ။ ဘုရားသခင်အား ဝိညာဉ်လောကတွင် လိုအပ်သလို ပြောင်းလဲဖြည့်ဆည်းပေးရန် ဆုတောင်းပါ။

နှလုံးသားများနှင့် စိတ်များကို ပြောင်းလဲပေးနိုင်သူမှာ သူတစ်ဦးတည်းသာ ဖြစ်ပါသည်။ လူအများအားဖြင့် ၎င်းတို့ ပြောင်းလဲချင်စိတ်ပြင်းပြသော အခြေအနေသို့ရောက်ရန် သို့မဟုတ် ပြဿနာအဆင်ပြေစေရန် သို့မဟုတ် တိုးတက်ဖြစ်ထွန်းသော အခြေအနေဖြစ်ပေါ်ရန် သူသာလျှင် ပြောင်းလဲပေးနိုင်ပါသည်။ ထို့ကြောင့် ပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရသူများအတွက် ကျွန်ုပ်တို့အကောင်းဆုံးအကူအညီပေးနိုင်သောအရာမှာ သူတို့အတွက် ဆုတောင်းပေးခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့က လိုအပ်သည့် ထူးဆန်းအံ့ဩဖွယ်ရာများကို မစွမ်းနိုင်သော်လည်း ဘုရားသခင်က စွမ်းဆောင်နိုင်ပါသည်။ ကျွန်ုပ်တို့၏ ဆုတောင်းမှုများက ဘုရားသခင်၏ လက်တော်ကို ရွေ့လျားစေပြီး ဝိညာဉ်လောကကို ပြုပြင်စေခြင်းဖြင့် ကျွန်ုပ်တို့၏ ရုပ်လောကရှိအရာများကို ပြောင်းလဲစေပါလိမ့်မည်။

(ဒေးဗစ် ဘရန့်တ် ဘာ့ဂ်)
(By. David Brandt Berg)